
# ၂၀၂၄ ခုနှစ် ဇွန်လအတွင်း အမျိုးသမီးများဆိုင်ရာ အချက်အလက်

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းသည့်အချိန်မှ စတင်ပြီး မြန်မာ့လူထုများသည် အကြမ်းမဖက်သည့်နည်းနှင့်သော်လည်းကောင်း၊ လက်နက်ကိုင်တော်လှန်ရေးဖြင့်သော်လည်းကောင်း အာဏာရှင်စနစ်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသည်မှာ ၃နှစ်ကျော်လာခဲ့ပြီ ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက်ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည် နေ့စဉ်နှင့်အမျှ အသက်ဆုံးရှုံးနေရသည်။ ထို့ကြောင့် ယခု အချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများမှ သတင်းအချက်အလက်များကို စောင့်ကြည့်ကောက်ယူချက်များအား စုစည်းတင်ပြထားခြင်း ဖြစ်သည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

| | သေဆုံးသူ | ထိခိုက်ဒဏ်ရာရရှိသူ |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၄၄ | ၂၆ |
| မြေမြှုပ်မိုင်း | ၂ | ၂ |
| သတ်ဖြတ်ခံရမှု | ၅ | ၀ |
| လက်နက်ကြီး ပစ်ခတ်မှု | ၁၆ | ၂၄ |
| အကျဉ်းထောင်အတွင်း နှိပ်စက်ခံရမှု | ၀ | ၅ |
| မုဒိမ်းပြုကျင့်ခံရမှု | ၀ | ၂ |
| အရေအတွက် စုစုပေါင်း | ၆၇ | ၅၉ |


မိမိတို့အနေဖြင့် သတင်းမီဒီယာများမှ စောင့်ကြည့်အချက်အလက်ကောက်ယူမှုများအရ ၂၀၂၄ခုနှစ် ဇွန်(၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း နိုင်ငံတစ်ဝှမ်းအမျိုးသမီး (၆၇)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများ နေထိုင်ရာအိမ်နှင့်ရပ်ရွာသို့ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၄၄)ဦး၊ လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၁၆)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့ သတ်ဖြတ်မှုကြောင့် (၅)ဦး၊ မြေမြှုပ်မိုင်းနင်းမိမှုကြောင့် (၂)ဦးတို့ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီး (၆၇)ဦးထဲမှ (၁၄)ဦးသည်အသက် ၁၈နှစ်အောက်အမျိုးသမီးများဖြစ်ကြသည်ကို တွေ့ရသည်။ ထို့ပြင် အမျိုးသမီးပေါင်း (၅၇)ဦးဒဏ်ရာ ရရှိခဲ့ပြီးၶင်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၂၄)ဦး၊ လေကြောင်းမှ ဗုံးကြဲမှုကြောင့်(၂၆)ဦးနှင့်မြေမြှုပ်မိုင်းကြောင့် (၂)ဦးတို့ဖြစ်ကြသည်။ အကြမ်းဖက်စစ်အုပ်စုမှ မုဒိမ်းကျင့်မှု (၁)ဦး နှင့် အရပ်သားပြည်သူမှ မုဒိမ်းကျင့်မှု (၁)ဦး တို့ဖြစ်ကြသည်။ ထို့အပြင် ထောင်အာဏာပိုင်များမှ နိုင်ငံရေးအကျဉ်းသူများအား ရိုက်နှက်မှုကြောင့် (၅) ဦးတို့သည် ပြင်းထန်စွာဒဏ်ရာရခဲ့သည်။




ဒေသအလိုက် သေဆုံးသူပြ မြေပုံ

မြန်မာ့အမျိုးသမဂ္ဂ၏ အချက်အလက်ကောက်ယူမှုအရ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီး ဦးရေသည် စစ်ကိုင်းတိုင်းမှ(၂၈)ဦး၊ ရခိုင်ပြည်နယ်မှ (၁၃)ဦးနှင့်ရှမ်းပြည်နယ် (၁၁)ဦးတို့ အသီးသီးဖြစ်ကြပြီး စစ်ကိုင်းတိုင်းသည် မေလအတွင်းအမျိုးသမီးအသက်ဆုံးရှုံးမှုအများဆုံး တိုင်းဒေသကြီးဖြစ်သည်။ မိမိတို့ မြန်မာ့အမျိုးသမဂ္ဂ၏ အချက်အလက်ကောက်ယူမှုအရ အမျိုးသမီးသေဆုံးနှုန်းနှင့် ဒဏ်ရာရသူစာရင်းသည် မေလထက် ထက်ဝက်နီးပါးတိုးလာ သည်ကိုတွေ့ရသည်။

## ၂၀၂၄ ခုနှစ် ဇွန်လအတွင်း အမျိုးသမီးဖမ်းဆီးခံရမှု အခြေအနေ




မိမိတို့၏ အချက်အလက်ကောက်ယူချက်အရ နိုင်ငံတစ်ဝှမ်းမှ အမျိုးသမီး (၁၀)ဦးတို့သည် အကြမ်းဖက်စစ်အုပ်စု၏အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ထိုသူများထဲမှ (၈)ဦးမှာ ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့၌ပန်းပန်ခြင်းကြောင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ မြေပြင်၌ အမျိုးသမီး ဖမ်းဆီးခံရခြင်း အရေအတွက်သည် ယခုထက်များနိုင်သည်။ နိုင်ငံရေး အကျဉ်းသား များကူညီစောင့်ရှောက်ရေး အသင်း (အေအေပီပီ)၏အချက်အလက်အရ အကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှ ၂၀၂၄ ခုနှစ်ဇူလိုင်လ (၁)ရက်နေ့အတွင်း အမျိုးသမီး (၅၅၅၅) ဖမ်းဆီးခံရပြီး (၄၀၁၀) ဦးအားဆက်လက်ထိန်းသိမ်း ထားကြောင်းဖော်ပြထားသည်။

မှတ်ချက်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

## မြန်မာ့အမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion
https://burmesewomensunion.org